**အပြည်ပြည်ဆိုင်ရာမြစ်ချောင်းထိန်းသိမ်းရေးနှင့်ရေကာတာဆန့်ကျင်ရေးနေ့သတင်းထုတ်ပြန်ကြေငြာချက်၊ မတ်လ ၁၄ ရက်၊ ၂၀၁၄ ခုနှစ်။**

**မြန်မာမြစ်ချောင်းများကွန်ရက်**

**သံလွင်ရေကာတာစီမံကိန်းအားချက်ချင်းရပ်တန့်ရန် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်မှတ်ရှင် (၃၃၅၃၈) ဦးနှင့် နိုင်ငံရေးပါတီအပါအဝင်လူမှုအဖွဲ့စည်း (၁၃၁)ဖွဲ့မှ တောင်းဆိုခြင်း။**

သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့်ရေကာတာများဖြစ်သော ရှမ်းပြည်နယ်အတွင်းရှိ ကွမ်းလုံ၊ နောင်ဖါနှင့်တာဆန်းရေကာတာ၊ ကရင်နီပြည်နယ်အတွင်းရှိရွာသစ်နှင့် ကရင်ပြည်နယ်အတွင်းရှိဟတ်ကြီးရေကာတာများအား ချက်ချင်းရပ်တန့်ပေးပါရန်ရှမ်း၊ကရင်နီ၊ကရင်နှင့်မွန်ပြည်နယ်အတွင်းရှိပြည်သူ (၃၃၅၃၈) ဦးနှင့်နိုင်ငံရေးပါတီအပါအဝင်လူမှုအဖွဲ့အစည်း (၁၃၁) ဖွဲ့မှလက်မှတ်ရေးထိုးကာတောင်းဆိုလိုက်ပါသည်။

သံလွင်မြစ်သည်ကမ္ဘာ့အရှည်ဆုံးမြစ်များထဲမှမြစ်တစ်စင်းဖြစ်ပြီး လွတ်လပ်စွာစီးဆင်းနေသောမြစ်တစ်စင်းဖြစ် ကာမြန်မာနိုင်ငံအတွင်းရှိသန်းပေါင်းများစွာသော တိုင်းရင်းသားပြည်သူများ၏ အသက်သွေးကြောလည်းဖြစ်သည်။ လက်ရှိတရုတ်၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့မှရင်းနှီးမြုပ်နှံကာ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး လျှပ်စစ်ဓါတ်အား စုစုပေါင်း (၁၅၀၀၀)မီဂါဝတ်ထုတ်လုပ်သွားမည့်သံလွင်ရေကာတာစီမံကိန်း(၆)ခုသည် သံလွင်မြစ်ပေါ်မှီ ခိုနေသောအဆိုပါလူထုများ၏အနာဂါတ် နှင့်သံလွင်မြစ်ဝှမ်းဒေသ၏ကြွယ်ဝလျက်ရှိနေ သောသဘာဝသက်ရှိဖြစ်စဉ်အမျိုးမျိုးကိုခြိမ်း ခြောက်လျက်ရှိနေပါသည်။

အဆိုပါစီမံကိန်း၏အကျိုးသက်ရောက်မှုကိုအများဆုံးခံစားရမည့်သူများမှာစီမံကိန်းတည်ရှိရာဒေသရှိဒေသခံများဖြစ်သော်လည်းစီမံကိန်းမှရရှိလာမည့်လျှပ်စစ်ဓါတ်အားအများစုသည် တရုတ်နှင့်ထိုင်းနိုင်ငံများအတွက်သာဖြစ်သည်။ ဆိုလိုသည်မှာဤသံလွင်ရေကာတာစီမံကိန်းကြောင့် ဒုက္ခပြဿနာအမျိုးမျိုးနှင့်ကြုံတွေ့ရမည့် ပြည်သူများ၏အကျိုးခံစားခွင့်သည် အလွန်နည်းပါးသည် (သို့မဟုတ်) လုံးဝမရှိပေ။ လက်ရှိအခြေအနေတွင်ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်းပြုလုပ်သည့်ကွမ်းလုံရေကာတာစီမံကိန်းအတွက်လမ်းများဖေါက်လုပ်ခြင်းကြောင့် ကျေးရွာပေါင်း(၆၀)မှပြည်သူများသည်၎င်းတို့၏မြေယာနှင့်အိုးအိမ်ပစ္စည်းများကိုဆုံးရှုံးနေရပြီဖြစ်သည်။ စီမံကိန်းကြောင့်ရေနစ်မြုပ်မည့်ဒေသများအတွင်းတွင်လည်း မြန်မာ စစ်တပ်၏ကျောထောက်နောက်ခံရှိသောကုမ္ပဏီများသည်သစ်လုပ်ငန်းနှင့်သတ္တုတူးဖေါ်ရေးလုပ်ငန်းများကိုအရှိန်အဟုန်မြင့်စွာပြုလုပ်လျက်ရှိနေသည်။

တိုင်းရင်းသားဒေသအတွင်းတွင်ဖြစ်ပွားနေသောပဋိပက္ခများမရပ်တန့်သေးဘဲရှိနေသေးသောအခြေအနေတွင် မြန်မာအစိုးရသည်ရေကာတာစီမံကိန်းကို ရှေ့တိုးလုပ်ဆောင်နေသည်။ စီမံကိန်းနှင့်ပတ်သက်ပြီး သုတေသနများပြုလုပ်ရာတွင်ဖြစ်စေ၊ ဆောင်လုပ်ရေးလုပ်ငန်းများပြုလုပ်ရာတွင်ဖြစ်စေလုံခြုံရေးအတွက်စစ်တပ်ကိုအသုံးချခြင်းကြောင့်စီမံကိန်းတည်ရှိရာဒေသအတွင်း စစ်တပ်တိုးချဲ့မှုများဖြစ်လာသည်။ ၎င်းနောက်နောက်ဆက်တွဲအဖြစ် စစ်တပ်၏လူ့အခွင့်အရေးချိုးဖေါက်မှုများလိုက်ပါလာသည်။ သံလွင်မြစ်ပေါ်ပထမဦးဆုံးအကောင်အထည်ဖေါ်လျက်ရှိနေသောရှမ်း ပြည်နယ်ရှိကွမ်းလုံရေကာတာစီမံကိန်းအနီးဝန်းကျင်ဒေသများတွင်မကြာသေးသောလအနည်းငယ်များအတွင်းတိုက်ပွဲဖြစ်ပွားမှုအခြေအနေများပိုမိုဆိုးရွားများပြားလာသည်။

သံလွင်ရေကာတာစီမံကိန်း(၆)ခုလုံးသည်ရေကာတာတည်ဆောက်ရာတွင်လိုက်နာကျင့်သုံးရမည့်နိုင်ငံတကာစံချိန်စံနှုန်းများဖြစ်သောပွင့်လင်းမြင်သာမှုရှိခြင်းနှင့် စီမံကိန်းအကျိုးသက်ရောက်မှုကိုခံစားရမည့် ဒေသခံပြည်သူများ၏အခွင့်အရေးများကိုလေးစားခြင်း၊ စသည်များကိုလိုက်နာကျင့်သုံးခြင်းမရှိ။ စီမံကိန်းဧရိယာများတွင်လုံခြုံ ရေးကိုတင်းကျပ်စွာချထားပြီးဒေသခံပြည်သူများမှာလည်းစီမံကိန်းနှင့်ပတ်သက်ပြီးမည်သည့်သတင်းအချက်အလက်ကိုမျှမရရှိပေ။ ရေကာတာစီမံကိန်းအောက်ပိုင်းဒေသတွင်နေထိုင်နေသောပြည်သူများသည်လည်းမြစ်အောက်ပိုင်းရေစီးနှုန်း၊ ငါးဖမ်းလုပ်ငန်းနှင့်စိုက်ပျိုးရေးလုပ်ငန်းများအပေါ် သက်ရောက်မည့်ရေကာတာစီမံကိန်း၏အကျိုးသက်ရောက်မှုမည်မျှရှိနိုင်သည်၊ ရေကာတာပြိုကျနိုင်ချေမည်မျှအတိုင်းအတာရှိသည်၊ရေကာတာပြိုကျပါကမည်မျှဘေးအန္တရယ်ရှိနိုင်သည်၊ စသည့်အချက်အလက်များကိုလည်းသိရှိနားလည်ခြင်းမရှိပေ။

သို့ဖြစ်ပါ၍တရုတ်၊ မြန်မာနှင့်ထိုင်းအစိုးရအပါအဝင်သံလွင်ရေကာတာစီမံကိန်း(၆)ခုအား အကောင်အထည်ဖေါ်ဆောင်ရာတွင်ပါဝင်နေသည့် Thailand’s EGAT International Co.Ltd, China Three Gorges Corporation, Hanergy Holding Company, Hydrochina Corporation, China Datang Overseas Investment CO.Ltd, နှင့်မြန်မာခရိုနီကုမ္ပဏီများဖြစ်သော International Group of Entrepreneurs Co. LTD, Shwe Taung, Asia World တို့အားသံလွင်မြစ် ပေါ်အကောင်အထည်ဖေါ်သွားမည့်သံလွင်ရေကာတာစီမံကိန်းကြီးကို ချက်ချင်းရပ်ဆိုင်းရန် ကျွန်ုပ်တို့မှတိုက်တွန်း တောင်းဆိုလိုက်ပါသည်။

ငြိမ်းချမ်းရေးဖေါ်ဆောင်ရန်အတွက် မြန်မာအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်များ ခြေလှမ်းလှမ်းလျက်ရှိနေသောအချိန်တွင်ဤအကြီးစားရေကာတာစီမံကိန်းများကိုရပ်တန့်ရန်အရေးကြီးသည်။ သဘာဝအရင်းအမြစ်များကိုပိုင်ဆိုင်ခွင့်၊ အ သုံးချခွင့်၊ ၎င်းမှရရှိလာသောအကျိုးအမြတ်များကိုမျှဝေအသုံးပြုခွင့်ဆိုင်ရာအငြင်းပွားမှုများသည်မြန်မာနိုင်ငံအတွင်းပဋိပက္ခများကိုဖြစ်စေသောအဓိကအကြောင်းအရင်းဖြစ်ပြီးအဆိုပါပြဿနာကိုနစ်ဦးနစ်ဖက်ညှိနိုင်းအဖြေရှာခြင်းမပြု လုပ်နိုင် သေးခင်ကာလတွင်ဤစီမံကိန်းကြီးကိုရှေ့တိုးအကောင်အထည်ဖေါ်သွားပါက ပြည်တွင်းပဋိပက္ခနှင့်စစ်ကိုလောင်စာမီးမွှေးပေးသကဲ့သို့သာဖြစ်ပေမည်။

သံလွင်မြစ်ကြီးပေါ်ရေကာတာတည်ဆောက်ခြင်းဖြင့် ဤသံလွင်မြစ်ကြီးအားဖျက်ဆီးပြီးများပြားစုံလင်သောလူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖန်တီးမည့်အစားတိုင်းရင်းသားပြည်သူများကိုမျိုးရိုးစဉ်ဆက်အဆက်ဆက်ကျွေးမွေးစောင့်ရှောက်ခဲ့သောပြည်သူများ၏အသက်သွေးကြောလည်းဖြစ်ပြီးသက်ရှိဖြစ်စဉ် အမျိုးမျိုးနှင့်ကြွယ်ဝနေသည့်ဤသံလွင်မြစ်ကြီးကိုသံလွင်ရေကာတာစီမံကိန်းတွင်ပါဝင်နေသောအစုအဖွဲ့အားလုံးကကာကွယ်ထိန်းသိမ်းရန်ကျွန်ုပ်တို့မှတိုက်တွန်းလိုက်ပါသည်။

မြန်မာမြစ်ချောင်းများကွန်ရက်ကိုရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့၊ ကရင်နီလူမှုအဖွဲ့အစည်းများကွန်ရက်၊ သံလွင်ချစ်သူ၊ တိုးတက်သောမွန်လူငယ်များအစည်းအရုံးနှင့် ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးအဖွဲ့များအပါအဝင် အဖွဲ့ဝင်(၁၅)ဖွဲ့ဖြင့်စည်းထားသည်။

**ဆက်သွယ်ရန်။**


- စောသာဘိုး (+၉၅၉၄၂၀၀၇၆၂၈၂)
- မအာနန် (+၆၆၈၄၈၈၅၄၁၅၄)
- စိုင်းခေးဆိုင် (+၉၅၉၃၁၀၆၈၅၃၀)


**ပါဝင်ဆန္ဒပြုထောက်ခံသည့်အဖွဲ့များ**

1. PaOh Youth Organization
2. Kachin Development Networking Group
3. Shan Sapawa Environmental Organization
4. Ethnic Community Development Forum
5. Burma Environment Working Group
6. Karen Environmental and Social Action Network
7. Mungchying RawtJat
8. Federation of Trade Union Kawthoolei
9. Arakan River Network
10. Love Salween
11. Karenni Civil Society Network
12. Kuki Women Human Right Organization
13. Kuki Youth Network
14. Mon Youth Progressive Organization
15. All Arakan Students' and Youths' Congress
16. Karen Office of Relief and Development
17. Shan Relief and Development Committee
18. Network for Chin Community Development
19. Mon Relief and Development Committee
20. Karenni Social Welfare and Development Centre
21. Karen Youth Organization
22. Karen Women Organization
23. Karen Student Network Group
24. Shwe Gas Movement
25. Arakan Oil Watch
26. Burma Rivers Network
27. Kayan New Generation Youth
28. Salween Watch

29. Chin Rivers Watch
30. Sein Yaung So Activities
31. REAM
32. Sein Yaung So Myintkyina
33. Kachin State Political Poisoned Group
34. Sein Yaung So Kather
35. 88 Open Society Group
36. 88 Open Society
37. GREEN FOR ALL
38. GREEN FUTURE
39. Former Political Prisoners
40. 88 New Generation
41. Sein Yaung So (Sint Kai)
42. Sein Lann Pyin Oo Lwin
43. ထီးချိုင့်ကွန်ယက်
44. Sein Yaung So (Kyaut Se)
45. နှလုံးလှပင်လယ်
46. သွေးချင်းရောဂတီ
47. အတိုင်ပင်ခံသတင်းကွန်ယက်
48. KURM
49. Ba.La.Tha
50. Sein Yaung So (Tada-U)
51. Sein Lann Moe Gote
52. Green Network (Magway)
53. Tamar Ayeat (women group)
54. Grow Back for Posterity
55. Second root group
56. The voice Daily
57. Green for All
58. ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့
59. Ko Kyi Phyu
60. Sein Yaung So (Sa Kyin)
61. Tree Lover
62. Pyoe Khinn
63. Kachin Farmer Network
64. စီတာပူနှစ်ခြင်းအသင်းတော်

65. သွေးချင်းရောဂတိ
66. စီတာပူးနောင်ရှာ
67. ကချင်ပြည်နယ် ဒီမိုကရစ်တစ်ပါတီ
68. မန္တလေးကျောင်းတိုက်
69. KSYN
70. စီတာပူနာရေးကူညီမှု
71. NLD
72. တစည ပါတီ
73. RCM
74. စီတာပူအသင်းတော်
75. Karen Students' Center
76. Triangle Women Support Group
77. Gender and Development Initiative Myanmar
78. Myanmar Coalition for Transparency and Spectrum Network
79. Karen Environmental Network
80. Kachin Peace Network
81. Kachin Women Peace Network
82. Chin Natural Resource
83. MIDO Myanmar ICT Development Organization
84. Equality Myanmar
85. Padae Thar Moe
86. IFIwatchmyanmar
87. Ayeyar West Development Organization
88. Association of Human Rights Defenders and Promoters
89. Community Response Group (ComReG)
90. Chin Natural Resource Watch Committee
91. Federation of Student Unions (Organizing Committee)
92. Gender Equality Network
93. Green Network (Magwawy)
94. Myanmar - China Pipe Line Watch committee
95. Myanmar Coalition for Transparency
96. Nadi Chindwin Myit Min Thalar (Monywa, Sagaing Region)
97. Alinsaytaman
98. Shan New Generation
99. Shwebo Shwe Chinthae Social Service Group (Shwebo, Sagaing Region)
100. Village Mobility Working Group

101. Civil Authorize Negotiate
102. Mandalay Youth
103. Generation Wave
104. ရွှေဘိုခရိုင်တောင်သူကွန်ယက်
105. မေတ္တာ Campaign
106. SSSG ရွှေဘို
107. MEE Net
108. အဖွဲ့ချုပ် (ဗ.လ.သ)
109. နွေမိုးဆောင်း
110. Access Youth
111. Myanmar LGBT Rights
112. KSNG
113. အောင်သုခ
114. KRDA
115. MIDA
116. Thazin Legal
117. ဝံလက်
118. Kyuakpyu Social Network Group
119. Kyuakphyu Rural Development Association
120. AD 2030 Vision
121. Arakan Civic and Rural Development
122. Dawei Development Association
123. Dawei Research Association
124. Tar Ka Paw
125. Dawei Lawyer Group
126. Community Sustainable Livelihood Development
127. Dawei Human Right Watch
128. English for Myanmar Centre
129. ကလုံးထာကျေးရွာဖွံ့ဖြိုးရေးကော်မတီ
130. ညင်းမော်ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
131. Karen Rivers Watch